dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

## DVB TV timetable

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ် ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ် စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

*"How to save Myanmar's Movie Industry?"*

ဖြစ်ပါတယ်။ (ဇူလိုင် ၁၆၊ ၂၀၁၆ ရိုက်ကူးသည်။)

- မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၉၀၀၀၄၈၈ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့"မြန်မာ့ရုပ်ရှင်လုပ်ငန်းကိုအကောင်းဆုံးဖြစ်အောင်ဘယ်လို မြှင့်တင်ကြမလဲ"ဆိုတဲ့ဒီဘိတ်ကိုဆွေးနွေးကြမှာဖြစ်ပါတယ်။**

ကမ္ဘာ့ရုပ်ရှင် ပေါ်ထွန်းလာပြီးတဲ့နောက်၂၅ နှစ်ခန့် အကြာ ၁၉၂၀ ဝန်းကျင်မှာ မြန်မာနိုင်ငံမှာလည်း ရုပ်ရှင်လုပ်ငန်း ပေါ်ပေါက်လာခဲ့ပြီး အသံတိတ်ကားတွေ စတင်ထွက်ခဲ့ပါတယ်။ အဲဒီနောက် ၁၉၂၈ဝန်းကျင်ခန့်မှာတော့ နိုင်ငံတကာမှာ အသံထွက် ရုပ်ရှင်ကို ဖန်တီးနိုင်ခဲ့ပြီး ၄ နှစ်ခန့်အကြာတွင် မြန်မာပြည်တွင်လည်း အသံထွက် ရုပ်ရှင် ပေါ်ပေါက်လာခဲ့ပါပြီ။ တာထွက် ၂၅ နှစ်နောက်ကျခဲ့ပေမယ့် ဒုတိယအကြိမ်ကတော့ ၄ နှစ်ခန့်သာကြာခဲ့ပါတယ်။ ယနေ့ခေတ်မှာ မြန်မာ့ရုပ်ရှင်တွေဟာ ဒေသတွင်းနဲ့ ယှဉ်ရင်ပါ နှစ်ပေါင်းမည်မျှလောက်ကြာ အောင်ကွာဟ လာခဲ့ပါပြီလဲ။

မြန်မာနိုင်ငံမှာ ၁၉၆၀ ခုနှစ်က ရန်ကုန်နဲ့မန္တလေးမှာ ခေတ်မီစတူဒီယို ၂၀ ကျော်ရှိခဲ့ပေမယ့် လက်ရှိမှာတော့ လုံး၀ မရှိတော့ဘူးလို့သိရပါတယ်။ အဲဒီလိုပဲ ရုပ်ရှင်စတူဒီယို ပညာရှင်တွေနဲ့ စင်တင်ပညာရှင်တွေလည်း မျိုးဆက်ပြတ်သွားခဲ့တာ နှစ်ပေါင်းများစွာ ကြာမြင့်နေခဲ့ပြီ ဖြစ်တယ်လို့ သိရပါတယ်။

ဒီကနေ့ပြည်တွင်းဈေးကွက်ထဲမှာ ထွက်ရှိနေတဲ့ မြန်မာဇာတ်ကားတွေအပေါ် ယခင်ခေတ်များကလို စူးစူးရှရှ ဝေဖန်အကဲဖြတ်ပေးနိုင်တဲ့ ရုပ်ရှင်ဝေဖန်ရေးဆရာတွေ မရှိတော့ပေမယ့် ရုပ်ရှင်နယ်ပယ်ကပညာရှင်တချို့နဲ့ ဇာတ်ကားကြည့်ရှုသူတွေရဲ့ အဘက်ဘက်က ထောက်ပြမှုကို ခံနေရပါတယ်။ ဒီအပေါ်မှာ အနုပညာဖန်တီးသူများဘက်က မြန်မာနိုင်ငံရဲ့ ဆင်ဆာဖြတ်တောက်မှုစနစ်နဲ့ ကန့်သတ်ခံရတာတွေအပေါ် ပြန်လည်တုံ့ပြန်ခဲ့ကြမှုတွေ ရှိခဲ့ပြီး ပြီးခဲ့တဲ့အစိုးရလက်ထက် ၂၀၁၂ ခုနှစ် နှစ်ဆန်းပိုင်းမှာ ဆင်ဆာမူဝါဒများ လျှော့ချလာခဲ့ ပါတယ်။ အဲဒီလို ဆင်ဆာလျှော့ချပြီးတဲ့နောက်မှာ သရဲနဲ့ ဂီညဉ် လိုကားမျိုးတွေအထွက်များလာခဲ့တာကြောင့်မြန်မာ့ ဇာတ်ကားဖန်တီးမှုတွေအပေါ် ဝေဖန်မှုတွေနဲ့ထပ်မံလှုပ်ခတ်ခဲ့ပါတယ်။အဲဒီနောက်မှာတော့ ရုပ်ရှင် အစည်းအရုံး ဥက္ကဋ္ဌ အဖြစ် ပူပူနွေးနွေး တာဝန်ယူထားအပြီး ထွက်ခဲ့တဲ့ အကယ်ဒမီ လူမင်းရိုက်ကူးတဲ့ ဘောင် ဇာတ်ကား ၊ ဒါရိုက်တာ သီဟတင်သန်း ရိုက်ကူးပြီး သရုပ်ဆောင် နေမင်းနဲ့ သဉ္ဇာနွယ်ဝင်း ပါဝင်ထားတဲ့ "မာယာများတဲ့ အလင်္ကာ" ၊ ဒါရိုက်တာ ဝင်းထွန်းထွန်း ရိုက်ကူးတဲ့ "မျက်လုံးလေး ကလယ်ကလယ်" ဇာတ် ကားတွေဟာ များစွာ ဂယက်ရိုက်ခတ်ခဲ့တာတွေ့ရပါတယ်။ မင်းသမီး သဉ္ဇာနွယ်ဝင်းကတော့ ဒီလိုဇာတ်ဝင် ခန်းမျိုး နောက်မရိုက်တော့ဘူး ဆိုတဲ့အကြောင်း၊ မာယာများတဲ့ ချစ်ခြင်းအလင်္ကာ ဇာတ်ကားမှာလည်း ရိုက်ကွင်းရောက်မှ ဒီလိုမျိုး ရိုက်ဖို့ သိခဲ့ရတယ် ဆိုတဲ့အကြောင်းကို စာစောင်တွေကနေ တဆင့်ရော၊ အင်တာနက် လူမှုကွန်ရက် facebook စာမျက်နှာတွေကနေ တဆင့်ပါ ပြောဆို တောင်းပန်ခဲ့တာ တွေ့ရပါတယ်။

မြန်မာ့ရုပ်ရှင် နယ်ပယ်မှာ ဇာတ်ကားပေါင်း ၁၀၀၀ ကျော်အတွက် ဇာတ်ညွှန်း ရေးသားပေးနေသူ ဦးရေ ၃၀ ခန့်သာရှိသောကြောင့် ဇာတ်လမ်းတွေ အပ်ကြောင်းထပ်နေတာ၊ ဗီဒီယိုတကားအတွက် အချိန်တပတ် ခန့်နဲ့သာ အပြီးရိုက်ကူးတာတွေများရှိနေတာဟာလည်း အရည်အ သွေးကျစေမှုတွေဖြစ်တယ်လို့ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်လောက်ကပြုလုပ်ခဲ့တဲ့ဆွေးနွေးပွဲတစ်ခုမှာဒေါ်ဆွေဇင်ထိုက်ကသုံးသပ်ထားတာတွေ့ရပါတယ်။ဒ့ါအပြင် ထုတ်လုပ်သူတွေမျက်စိကျစရာ ဈေးကွက်တရပ်ဖြစ်တဲ့ရုပ်ရှင်ရုံအရေအတွက်ဟာလည်းပြည်တွင်းမှာ တဖြုတ်ဖြုတ်ပျောက်ကွယ်သွားခဲ့တာနဲ့ ပတ်သက်ပြီး အနုပညာရှင်တစ်ဦး ဖြစ်တဲ့ ဦးဇာဂနာက ၁၉၈၈ ခုနှစ်တုန်းက မြန်မာတစ်နိုင်ငံလုံးမှာ ရုပ်ရှင်ရုံပေါင်း၄၀၀ကျော်ရှိပါတယ်။ဒီနေ့အခါမှာတော့၂၉ရုံပဲကျန်တော့တယ်လို့ ဆိုပါတယ်။

ဒီရက်ပိုင်းထဲမှာတော့ တချိန်က နာမည်ကျော် သရုပ်ဆောင်တစ်ဦး ဖြစ်တဲ့ လွင်မိုးက ရုပ်ရှင်ရုံ တစ်ရုံလျှင် ကျပ်သိန်းနှစ်ထောင်ခန့်ကုန်ကျနိုင်ပြီး ကျပ်နှစ်ဘီလီယံ ရင်းနှီးမြှုပ်နှံ၍ ၂ နှစ်အတွင်း ရုပ်ရှင်ရုံ ၁၀၀ တည်ဆောက်မယ်လို့ တရားဝင်ပြောကြားလာသည်။ ပြည်နယ်နှင့် တိုင်းအသီး သီးတွင် ဆောက်လုပ်မည်ဖြစ်ပြီး ရုပ်ရှင်ရုံမရှိသည့် မြို့များတွင် ဦးစားပေးလုပ် ဆောင်မည်ဖြစ်သည်။ ယင်းမှာ မြန်မာရုပ်ရှင်များ ပြန်လည်အောင်မြင်နိုင်စရာ အချက်တစ်ခုဟုလည်း MAZE ကုမ္ပဏီ ဥက္ကဋ္ဌ ဦးလွင်မိုးက ဆိုထားသည်။ ဒီတစ်ပတ်ဒီဗွီဘီ ဒီဘိတ်က မြန်မာ့ရုပ်ရှင်လုပ်ငန်းအပေါ် ယင်းနယ်ပယ်အတွင်းဆောင်ရွက်နေ သူတို့က မတူညီတဲ့ အမြင်ရှုထောင့်အသီးသီးကနေ ပိုင်းဝန်းအကြံပြု ဆွေးနွေးတင်ဆက် ကြမှာ ဖြစ်ပါတယ်။

## သူတို့အမြင်

"ကိုယ်တို့ရုပ်ရှင်ရုံတစ်ရာက ရုပ်ရှင်ရုံထဲကို ဝင်သွားရင်၊ ဟိုတယ်တစ်ခုထဲကိုဝင်သွားရသလိုခံစားရမှာဖြစ်ပါတယ်။ အဲဒီတော့ ရုပ်ရှင်ရုံမှာ အဲကွန်းကအစ၊ အသံကအစ၊ ပြသတဲ့စက်က အစ ဟောလိဝုဒ်မှာပြတဲ့ စက်အစစ်တွေကိုဝယ်ဖို့ သဘောတူညီမှုတွေ ပြီးသွားပါပြီ။ အဲဒါတွေ တပ်ဆင်ပြီး နယ်ရော၊ မြို့ရော ထိုင်ခုံတွေက အစ တစ်ပုံစံတည်းဖြစ်အောင် ကွာလတီက အစ တစ်ပုံစံတည်းဖြစ်အောင် နယ်နဲ့၊ မြို့နဲ့ မခွဲခြားဖို့ကိုလည်း ကမ္ဘောဇဘဏ်ဥက္ကဋ္ဌကြီးက ညွှန်ကြားထားပါတယ်။ နောက်ပြီး ကိုယ်တို့က ရုံတစ်ရာကို စလိုက်ပြီးတော့ Demand (ဈေးကွက်) ရှိရင်ရှိသလို နယ်တွေမှာ ရုံတွေ ဆောက်သွားမယ်။ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးမှာ ရုပ်ရှင်ရုံက ခုံလိုအပ်ချက်က အရေအတွက် အနည်းဆုံး သုံးသိန်းလောက်လိုအပ်နေတာပါ။ အခုလက်ရှိလည်ပတ် နေတာက ခုံရှစ်ထောင်လောက်နဲ့ လည်ပတ်နေတာပါ။" **လွင်မိုး - MAZE** ကုမ္ပဏီဥက္ကဋ္ဌ။

"နိုင်ငံတော်က ချမှတ်ထားတဲ့ မူဝါဒထဲမှာ ရုပ်ရှင်ရုံကိုဖျက်ပြီး ပြန်ဆောက်ရင် အနည်းဆုံး ရုပ်ရှင်တစ်ရုံ ပြန်ပြီး ထည့်သွင်းဆောက်လုပ်ပေးရမယ်ဆိုတာ ပါပါတယ်။ ဒါပေမဲ့ ရုပ်ရှင်လောက အနေနဲ့ ရုပ်ရှင်ရုံ ငါးရုံသာ ဆုံးရှုံးသွားတယ်။ တစ်ရုံမှ ပြန်မရခဲ့ပါဘူး။ ဒါတွေရဲ့ အကျိုးဆက် ဟာ မြန်မာ့ရုပ်ရှင်တွေ ပြစရာရုံမရှိ။ ဒါကြောင့် Video ရုပ်ရှင်တွေရိုက်ကြ သည်တော့ အရည်အသွေးပိုင်းကျဆင်း၊ ဝင်ငွေ မကောင်း၊သည်တော့ မြန်မာ့ရုပ်ရှင်လုပ်ငန်းထဲ ရင်းနှီးမြှုပ်နှံသူ နည်းလာရာကနေ မြန်မာ့ရုပ်ရှင်ဟာ ကျကျလာပြီး ခုဆို အဂီစီနားကပ်နေပါပြီ။" **ဇာဂနာ** - အနုပညာရှင်။

Rating System ကိုတော့ မလုပ်တာ မဟုတ်ဘူး၊ စဉ်းစားနေတယ်။ တခုက ဗုဒ္ဓဘာသာ တိုင်းပြည်တွေဖြစ်တဲ့ နီပေါ၊ ယိုးဒယား၊ သီဟိုဠ် နိုင်ငံတွေမှာ ဒီစနစ် မရှိဘူး။ ဒီတိုင်းအပဲ ကြည့်တယ်။ ဘာသာရေးအရ ကြည့်တတ်တဲ့ အစ္စလမ် နိုင်ငံတွေ မလေးရှား၊ အင်ဒိုနီးရှား ဒီ စနစ်မရှိဘူး။ အာဆီယံမှာ ဒီစနစ်သုံးတာ စင်ကာပူနဲ့ ဖိလစ်ပိုင်ပဲ ရှိတယ်။ မြန်မာနိုင်ငံထက် အနုပညာ ထွန်းကားတယ်ဆိုတဲ့ ထိုင်း၊ မလေး၊ ဗီယမ်နမ် တို့မှာ မရှိဘူး။ အဲဒီတော့ မြန်မာနိုင်ငံ က သုံးသင့်လား။ ဒီစနစ် သုံးပြီဆို လူတိုင်းဟာ ဒီမိုကရေစီ ကျင့်ဝတ်နဲ့အညီ ကြည့်ကြမှာလား။ ဒီလိုဆို ၁၅ နှစ်သားက ၁၈ နှစ်အထက်ကြည့်ရမယ့် ကားကို မကြည့်ဘဲ နေမလား။
**ဦးသိန်းထွန်းအောင်**- ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရုပ်ရှင်လုပ်ငန်းဆင်ဆာအဖွဲ့အဖွဲ့ဝင်(ဟောင်း၂၀၁၃)

*Information links:*

www.7daydaily.com
www.tomorrow.com.mm
www.burma.irrawaddy.org